# Beaumont

# ငွေကြေးအထောက်အပံ့ သတ်မှတ်ချက်ပြည့်မီမှု မူဝါဒ အကျဉ်းချုပ်

သင်၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များအတွက် ကျွန်ုပ်တို့ကို ရွေးချယ်သည့်အတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ လူနာအားလုံးကို ၎င်းတို့၏ ငွေကြေးအခြေအနေ မည်သို့ရှိစေကာမူ အရည်အသွေးမြင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ပေးရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ငွေကြေးအထောက်အပံ့ (မူဝါဒ) နှင့်အညီ အရေးပေါ်နှင့် အခြားဆေးဘက်ဆိုင်ရာအရ လိုအပ်သောစောင့်ရှောက်မှုအတွက် လူနာများကို ငွေကြေးအထောက်အပံ့ပေးသည်။

**မည်သူက သတ်မှတ်ချက်ပြည့်မီသလဲ။**

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ မူဝါဒ သတ်မှတ်ချက်များနှင့်ကိုက်ညီသော လူနာများကို ငွေကြေးအထောက်အပံ့ပေးသည်။ သတ်မှတ်ချက်ပြည့်မီမှုသည် အာမခံအကာအကွယ်နှင့် အခြားငွေပေးချေမှုရင်းမြစ်များ (ခန္ဓာကိုယ် ထိခိုက်ဒဏ်ရာရမှုအတွက် အာမခံလျော်ကြေး တောင်းဆိုမှုများအတွက်ကဲ့သို့)၊ ဝင်ငွေ၊ မိသားစုဦးရေနှင့် ပိုင်ဆိုင်မှုများအပါအဝင် အချက်များစွာပေါ် အခြေခံသည်။ အခြားရွေးစရာ ငွေပေးချေမှု နည်းလမ်းအားလုံးကို သုံးထားဖူးပြီး အောက်ပါအချက်များနှင့်ကိုက်ညီသော သူများအတွက် ဤမူဝါဒက အခမဲ့စောင့်ရှောက်မှုကို ပေးပါသည်-

- အိမ်ထောင်စုဝင်ငွေသည် လက်ရှိနှစ် ဖက်ဒရယ်ဆင်းရဲနွမ်းပါးမှုဆိုင်ရာ လမ်းညွှန်ချက်များ၏ 250% တွင် သို့မဟုတ် ယင်းအောက်တွင်ရှိလျှင်
- စနစ်တကျဖြည့်စွက်ထားသော လျှောက်လွှာကို တင်သွင်းထားလျှင်။

ငွေကြေးအထောက်အပံ့အတွက် သတ်မှတ်ချက်ပြည့်မီပါက သင့်ကို အရေးပေါ် သို့မဟုတ် ဆေးဘက်ဆိုင်ရာအရလိုအပ်သော စောင့်ရှောက်မှုအတွက် ယေဘုယျကောက်ခံလေ့ရှိသော ပမာဏထက်ပို၍ ငွေတောင်းခံမည်မဟုတ်ပါ။

ကြီးမားသော ဆေးဘက်ဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အခက်အခဲတစ်ခုကို သင်ရင်ဆိုင်ကြုံတွေ့ရပါက ဘေးအန္တရာယ်အခက်အခဲဆိုင်ရာငွေကြေးအထောက်အပံ့ကိုလည်း သင်ရရှိကောင်းရရှိနိုင်ပါသည်။

**ကျွန်ုပ်တို့၏ ငွေကြေးအထောက်အပံ့ မူဝါဒ၏ အခမဲ့မိတ္တူများနှင့် လျှောက်လွှာကို ရယူနိုင်သည့်နေရာ**

ညာဘက်တွင်ဖော်ပြထားသော အချက်အလက်များကို အသုံးပြု၍ ကျွန်ုပ်တို့ထံ ဆက်သွယ်ခြင်းဖြင့် ကျွန်ုပ်တို့၏ မူဝါဒနှင့် လျှောက်လွှာကို အခမဲ့ ရရှိနိုင်ပါသည်။ ၎င်းတို့ကို ဖုန်း၊ စာတိုက် သို့မဟုတ် အီးမေးလ်မှတစ်ဆင့် တောင်းဆိုနိုင်သည်။ ၎င်းတို့ကို ဒေါင်းလုဒ်လုပ်ရန်နှင့် ပရင့်ထုတ်ရန်အတွက် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များတွင် ရရှိနိုင်ပါသည်။ မိတ္တူများကို ကျွန်ုပ်တို့၏ ဆေးရုံတည်နေရာအားလုံး၏ အချက်အလက်ကောင်တာများ၊ မှတ်ပုံတင်ရုံးများ သို့မဟုတ် အရေးပေါ်ဌာနများတွင်လည်း ရရှိနိုင်ပါသည်။

**ဘာသာပြန်ဆိုမှုများကိုလည်း ရရှိနိုင်သည်**

ကျွန်ုပ်တို့၏မူဝါဒ၊ လျှောက်လွှာနှင့် ဤအကျဉ်းချုပ်ကို အခြားဘာသာစကားများဖြင့် ဘာသာပြန်ဆိုချက်များအား တောင်းဆို၍ဖြစ်စေ၊ ညာဘက်တွင်ဖော်ပြထားသော ဝက်ဘ်ဆိုက်များတွင် ဝင်ရောက်ကြည့်ရှု၍ဖြစ်စေ ရယူနိုင်သည်။

**အထောက်အပံ့ ရရှိနိုင်သည်**

ငွေကြေးအထောက်အပံ့အတွက် သင့်လျှောက်လွှာကို ဖြည့်စွက်ရာတွင် ကူညီရန် ငွေကြေးဆိုင်ရာ အတိုင်ပင်ခံများနှင့် အကျိုးခံစားခွင့် အကြံပေးသူများကို ရရှိနိုင်သည်။ "လျှောက်ထားနည်း" ကဏ္ဍတွင် ဖော်ပြထားသည့်အတိုင်း ဖုန်းခေါ်ဆိုခြင်းဖြင့် သို့မဟုတ် ဆက်သွယ်ခြင်းဖြင့် ၎င်းအကြံပေးသူတို့နှင့် ဆက်သွယ်နိုင်သည်။ ကျန်းမာရေးအာမခံ ဈေးကွက် သို့မဟုတ် မီချီဂန် ပြည်နယ် Medicaid အစီအစဉ်များမှတစ်ဆင့် အာမခံအကာအကွယ်အတွက် စာရင်းသွင်းရာတွင်လည်း ၎င်းတို့က သင့်ကို ကူညီပေးနိုင်သည်။

**လျှောက်ထားနည်း**

**Beaumont Health**

- 3601 W. 13 Mile Rd., Royal Oak, MI 48073 တွင် တည်ရှိသော ဆေးရုံနယ်မြေအပါအဝင် Beaumont ဆေးရုံတစ်ခုခုတွင် လူကိုယ်တိုင်၊
- Beaumont Health Financial Assistance, 3601 W. 13 Mile Rd., Royal Oak, MI 48073 သို့ စာတိုက်မှ စာပို့ခြင်းဖြင့်
- 877.687.7309 သို့ ဖုန်းခေါ်ဆိုခြင်းဖြင့်
- beaumont.org/patients-families/billing/financial-assistance သို့ သွားခြင်းဖြင့်
- EastFinancialCounseling@corewellhealth.org သို့ အီးမေးလ်ပို့ခြင်းဖြင့်

**Spectrum Health Lakeland**

- 1234 Napier Avenue, St. Joseph, MI 49085 တွင် တည်ရှိသော အဓိကဆေးရုံနယ်မြေအပါအဝင် Spectrum Health Lakeland ဆေးရုံတစ်ခုခုတွင် လူကိုယ်တိုင်
- Spectrum Health Lakeland Financial Counseling, 1234 Napier Avenue, St. Joseph, MI 49085 သို့ စာတိုက်မှ စာပို့ခြင်းဖြင့်
- 1.844.408.4103 သို့ ဖုန်းခေါ်ဆိုခြင်းဖြင့်
- spectrumhealthlakeland။org/patient-visitor-guide/patient/billing/financial-assistance သို့ သွားခြင်းဖြင့်
- SHLFinancialCounseling@spectrumhealth.org သို့ အီးမေးလ်ပို့ခြင်းဖြင့်

**Spectrum Health**

- 100 Michigan, Grand Rapids, MI 49503 တွင် တည်ရှိသော အဓိကဆေးရုံနယ်မြေအပါအဝင် Spectrum Health ဆေးရုံတစ်ခုခုတွင် လူကိုယ်တိုင်
- Spectrum Health Financial Counseling, 100 Michigan, Grand Rapids, MI 49503 သို့ စာတိုက်မှ စာပို့ခြင်းဖြင့်
- 1.844.838.3115 သို့ ဖုန်းခေါ်ဆိုခြင်းဖြင့်
- spectrumhealth.org/billing/financial-assistance သို့ သွားခြင်းဖြင့်
- FinancialCounseling@spectrumhealth.org သို့ အီးမေးလ်ပို့ခြင်းဖြင့်